**၂၀၁၄ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့ မဲဆောက်မြို့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း၊ အရပ်ဖက်အဖွဲ့အစည်း များနှင့်ကျင်းပပြုလုပ်သော ကမ္ဘာ့ဘဏ်အုပ်စု၏ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမူဘောင်အကြံပြု ဆွေးနွေးပွဲ အနှစ်ချုပ်**

၂၀၁၄ ခုနှစ်ဇူလိုင်လ ၁၂ ရက်နေ့တွင် ကမ္ဘာ့ဘဏ်အုပ်စု မြန်မာ၏ မြန်မာနိုင်ငံဆိုင်ရာပူးပေါင်းဆောင်ရွက်မှု မူဘောင်ဆိုင်ရာ အကြံပြုဆွေးနွေးပွဲများ၏ တစ်စိတ်တစ်ပိုင်းအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ စနစ်တကျ လေ့လာဆန်းစစ်မှု (Systematic Country Diagnostic) မှ ထွက်ပေါ်လာသည့် ဦးစားပေး ကဏ္ဍများကို တင်ပြနိုင်ရန်အတွက် လည်းကောင်း ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် အကြံပြုဆွေးနွေးပွဲတစ်ရပ် ပြုလုပ်ခဲ့သည်။ တက်ရောက်လာကြသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း နှင့် အရပ်ဖက်အဖွဲ့အစည်းများ၏ အမည်စာရင်းများအား ပူးတွဲဖော်ပြအပ်ပါသည်။

အကြံပြုဆွေးနွေးမှုများမှရရှိလာသော ဆွေးနွေးမှုများနှင့် အကြံပြုချက်များ၏အနှစ်ချုပ်အား ကဏ္ဍကြီး (၈)ရပ် အဖြစ်ခွဲ၍ စုစည်းဖော်ပြအပ်ပါသည်။ ကမ္ဘာ့ဘဏ်အုပ်စု၏လုပ်ဆောင်မှုများ၊ အဖွဲ့အစည်းများနှင့်ချိတ်ဆက်မှု၊ နိုင်ငံရေး အကူးအပြောင်းကာလ ညင်သာမှုရှိခြင်း၊ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ မြေယာကဏ္ဍ စီမံအုပ်ချုပ်မှုကို တိုးတက်အောင်ပြုလုပ်ခြင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးနှင့် ပညာရေး၊ လျှပ်စစ်ကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး။

***မှတ်ချက်။ ။ လက်သည်းကွင်းတွင်ဖော်ပြထားသော (၃)၊ (၆) စသည်တို့သည် အကြောင်းအရာတစ်ခုအား ပုဂ္ဂိုလ်အသီးသီးမှ အကြံပြုဆွေးနွေးပွဲအတွင်း ဆွေးနွေးခဲ့သည့် အကြိမ်အားဖော်ပြထားခြင်းဖြစ်သည်။***

**ကမ္ဘာ့ဘဏ်အုပ်စု၏လုပ်ဆောင်မှုများ ၊အဖွဲ့အစည်းများနှင့်ချိတ်ဆက်မှု**

- ISN တွင်မည်သည့်စီမံကိန်းများပြုလုပ်ခဲ့ကြောင်းနှင့် ရလဒ်များဆိုင်ရာအစီရင်ခံစာများပေးပို့သင့်သည်။
- လတ်တလော နိုင်ငံရေးမတည်ငြိမ်မှုများနှင့် ပဋိပက္ခများကြောင့် CPF ကိုမသွားသင့်သေးဘဲ ဒုတိယ ISN ကိုဖော်ဆောင်သင့်သည်။
- အကျင့်ပျက်ချစားမှုများကို ကာကွယ်ရန် ဒေသနှင့်ကိုက်ညီမည့် ကာကွယ်တားဆီးရေးအစီအစဉ်များ ရှိရန်အရေးကြီးသည်။
- ဒေသခံများအား Survey များ နှင့် အကြံပြုဆွေးနွေးပွဲများပြုလုပ်ပြီးနောက် Feedback ပြန်ပေးပါ။
- ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် ဦးစားပေးများမသတ်မှတ်မီ ယင်းစီမံကိန်းများတွင် ကမ္ဘာ့ဘဏ်အုပ်စုက ဘယ်လောက်အတိုင်းအတာအထိ တိုက်ရိုက်ပါဝင်နိုင်မည်နည်းဆိုသည်ကို စဉ်းစားသင့်သည်။
- ကမ္ဘာ့ဘဏ်အုပ်စုက မြန်မာလူထုအတွက်စီမံကိန်းများကို အကောင်အထည်ဖော်ပေးမည့်အစား မြန်မာနှင့် Partner အနေဖြင့်လုပ်ဆောင်ပါ။ အကြံပြုဆွေးနွေးပွဲပြီးနောက်တွင်လည်း အရပ်ဖက် အဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ပါ။
- အရပ်ဖက်အဖွဲ့အစည်းများနှင့် မျက်နှာစုံညီအစည်းအဝေးတစ်ခုတည်းကိုမလုပ်သင့်ဘဲ ၎င်းတို့ကို ပိုမိုနားလည်ရန် ၎င်းတို့၏အစီရင်ခံစာများအားလည်း အချိန်ယူဖတ်ရှုသင့်ပါသည်။
- အစိုးရသာမက ပြည်သူလူထု၏ အသံများကိုနားထောင်သင့်သည်။
- Do No Harm Policy ကိုကျင့်သုံးပါ။ Partner အနေဖြင့် ပါဝင်လုပ်ဆောင်ပါ။ အစီအစဉ်များတွင် တီထွင်ဆန်းသစ်မှုများ နှင့် နည်းပညာများအသုံးပြုပါ။

**နိုင်ငံရေးအကူးအပြောင်းကာလ ညင်သာမှုရှိရေး**

- နိုင်ငံရေးအကူးအပြောင်းကာလတွင် ၂ ဖက်စလုံး (အစိုးရ နှင့် တိုင်းရင်းသားအဖွဲ့) ၏အသံများကို နားထောင်သင့်သည်။
- ပဋိပက္ခများကိုစေ့စပ်သေချာစွာ ဆန်းစစ်သင့်ပြီး ထိရောက်သော ပြုပြင်ပြောင်းလဲရေးမူဝါဒများ ချမှတ်ရာတွင်အကူအညီပေးသင့်သည်။
- နိုင်ငံရေးဆွေးနွေးပွဲဖြစ်မြောက်ရန် အကူအညီပေးသင့်သည်။
- တနိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနှင့် နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးပြီးမှ တိုင်းရင်းသားဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်သင့်သည်။

**စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး**

- စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေးအတွက် ကမ္ဘာ့ဘဏ်အုပ်စုမှ အကူအညီပေးသင့်သည်။ (၂)
  - လယ်သမားများအတွက် ငွေကြေးအရင်းအနှီးလက်လှမ်းမီအောင်ဆောင်ရွက်ပေးခြင်း
  - မြေယာပိုင်ဆိုင်မှုများလုံခြုံမှုရှိစေရန် မြေယာစီမံခန့်ခွဲမှုမူဝါဒပေါ်ပေါက်လာစေရန်အကူအညီပေးခြင်း
  - စိုက်ပျိုးမြေများတိုးချဲ့ဖော်ထုတ်ပေးခြင်း
  - စိုက်ပျိုးရေးဈေးကွက်များချဲ့ထွင်ပေးခြင်း
  - အဆင့်အတန်းမီရန် နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နိုင်ရန် နည်းပညာ နှင့် ငွေကြေးအကူအညီပေးရန်
  - အရည်အသွေးကောင်းသော သွင်းအားစုများနှင့် စက်ပစ္စည်းကိရိယာများအကူအညီပေးရန်
  - ထုတ်ကုန်များသိုလှောင်ရေးအတွက် လိုအပ်သည့်အခြေခံအဆောက်အအုံများ အကူအညီပေးရန်

- ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် လုပ်ကွက်ကြီးများနှင့် ရာဘာစိုက်ခြင်းကို အကူအညီမပေးသင့်ပါ။ အဘယ်ကြောင့် ဆိုသော် ၎င်းသည် ရေပြတ်လတ်ခြင်း နှင့် မြေယာပျက်စီးခြင်းကိုဖြစ်စေသည်။ (၃)
- လယ်သမားများအား အသေးစားချေးငွေများမပေးသင့်ပါ။ ၎င်းတို့သည် ရရှိလာသော ငွေများအား စီမံခန့်ခွဲခြင်း မပြုတတ်ပေ။ ထို့ကြောင့် အသေးစားချေးငွေသည် အကျင့်ပျက်ချစားမှုများ နှင့် လယ်သမားများအတွက် ကြွေးမြီများ ပိုမိုထူပြောလာစေသည့်အပြင် မှီခိုမှုကိုပါဖြစ်ပေါ်စေသည်။
- စိုက်ပျိုးရေးကဏ္ဍတွင် FDI ကိုဖိတ်ခေါ်ခြင်းမပြုသင့်ပါ။

- တိုင်းရင်းသားဒေသများတွင် နိုင်ငံရေးမတည်ငြိမ်မှုများ၊ ပွင့်လင်းမြင်သာမှုမရှိခြင်း နှင့် မြေယာအငြင်းပွားမှု များကြောင့် စိုက်ပျိုးရေးကဏ္ဍကို အကူအညီမပေးသင့်ပါ။ ဤအခြေအနေများက တိုင်းရင်းသားဒေသများ အတွက် အန္တရာယ်ပင်ဖြစ်ပေသည်။

**မြေယာကဏ္ဍစီမံအုပ်ချုပ်မှုကိုတိုးတက်အောင်ပြုခြင်း**

- ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် မြေယာဥပဒေများ နှင့် မြေယာပိုင်ဆိုင်ခွင့်ကို စဉ်းစားပေးသင့်သည်။ ၎င်းသည် လတ်တလောတွင် အလွန်အရေးကြီးသောပြဿနာဖြစ်သည်။

**ပုဂ္ဂလိကအခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး**

- ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် ယခုကာလတွင် FDI ကိုအားမပေးသင့်သေးပါ။ (၃) အဘယ်ကြောင့်ဆိုသော် ဒေသခံပြည်သူများမှာ လုံလောက်သောကျွမ်းကျင်မှုမရှိသောကြောင့် အောက်ခြေ အလုပ်သာရနိုင်ပေမည်။

ထို့ကြောင့် အသက်မွေးမှုပညာသင်တန်းပေးခြင်း နှင့် စွမ်းရည်မြှင့် သင်တန်းများ ဦးစွာသင်ကြားပေးသင့်သည်။

- FDI ဥပဒေမှုဘောင်လည်း ခိုင်မာမှုမရှိပေ။ (၂)
- FDI အား သံယံဇာတတူးဖော်ရေးကို အားမပေးသင့်ပါ။

**ပညာရေး နှင့်ကျန်းမာရေး**

ကမ္ဘာ့ဘဏ်အုပ်စုမှ ကျန်းမာရေး နှင့်ပညာရေး ကိုကူညီသင့်သည်။ (၅)

- ကျန်းမာရေးဝန်ဆောင်မှုအတွက် ဗဟိုချုပ်ကိုင်မှုစနစ်လျှော့ချရေး နှင့် parallel system အတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးရန်လိုအပ်သည်။ ယခုလက်ရှိ တင်ပြထားသော Universal Health care သည် ဗဟိုချုပ်ကိုင်သည့်စနစ်ဖြစ်ပြီး တိုင်းရင်းသားဒေသများတွင် ကျင့်သုံးနှင့်နေပြီးသော ထိရောက်သော parallel systemအား စဉ်းစားခြင်းမရှိပေ။ ကျန်းမာရေးစောင့်ရှောက်မှုကို Decentralization လုပ်ခြင်းသည် ဖယ်ဒရယ်စနစ်ပေါ်ပေါက်လာစေရေးအတွက် အထောက်အကူ ပြုနိုင်ပြီး ဗဟိုချုပ်ကိုင်မှု စနစ်သည် ဆန့်ကျင်ဘက်ဖြစ်သည်။
- နယ်စပ်ဒေသများတွင် ကျင့်သုံးနေသော ပညာရေးနှင့် ကျန်းမာရေးစနစ်များ၏ စွမ်းရည်နှင့် အခွင့်အလမ်းများအား အစိုးရမှ နားလည်အသိအမှတ်ပြုနိုင်ရန် အကူအညီပေးပါ။
- ဒေသခံများက ဦးစီးနေသော အစီအစဉ်များကို အစိုးရမှ ထပ်မလုပ်ရန် နှင့် ဒေသခံများ၏ မူပိုင်ခွင့်ကိုလေးစားရန်လိုအပ်သည်။

- ကျေးလက်ဒေသများတွင် ကျန်းမာရေးဝန်ဆောင်မှုများပေးရန်အတွက် လစာငွေများထောက်ပံ့ပေးခြင်း၊ ကျေးလက်ကျန်းမာရေးလုပ်သားများအတွက် ဆေးပညာသင်တန်းများပေးခြင်း စသောထိရောက်သောကူညီမှုများ ရှာဖွေကူညီသင့်သည်။

- ကျေးလက်ဒေသများတွင် ကာလရှည်ဖွံ့ဖြိုးမှုအတွက် အခြေခံကျန်းမာရေးဝန်ဆောင်မှုများပေးရန် ကူညီသင့်သည်။

- ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် သင်ကြားမှုစွမ်းရည်များဖြစ်သည့် သင်ကြားမှုနည်းစနစ်၊ critical thinking နှင့် သင်ရိုးများပေါ်ပေါက်လာစေရန် အကူအညီပေးသင့်သည်။
- အခြေခံပညာရေးအတွက် မိခင်ဘာသာစကားကိုအသုံးပြု၍ သင်ကြားနိုင်ရန်အကူအညီပေးသင့်သည်။

- အခြေခံပညာရေးနှင့် အသက်မွေးမှုပညာသင်ကြားရေးအတွက် အကူအညီပေးသင့်သည်။ (၂) ပညာရေးသည် ဖွံ့ဖြိုးမှုအားလုံး၏ သော့ချက်ဖြစ်သည်။

**လျှပ်စစ်**

- ကျေးလက်ဒေသတွင် လျှပ်စစ်မီးရရှိရေးအတွက် အကူအညီပေးသင့်သည်။
- အကြီးစား ရေအားလျှပ်စစ်စီမံကိန်းကို မလုပ်သင့်ပေ။

**သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး**

- ကမ္ဘာ့ဘဏ်အုပ်စုအနေဖြင့် သယ်ယူပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးကွန်ယက်များတိုးတက်ကောင်းမွန်စေရန် ကူညီသင့်သည်။ (၂) သို့မှသာ ကျန်းမာရေး၊ ပညာရေး နှင့် စီးပွားရေးတိုးတက်လာမည် ဖြစ်သည်။

- ရခိုင်ပြည်နယ်တွင် ဆည်မြောင်းစနစ်နှင့် တံတားများဆောက်လုပ်ပေးသင့်သည်။ တံတားမရှိခြင်းသည် ပညာသင်ကြားခွင့်ရရန်အတွက် အတားအဆီးတစ်ခုဖြစ်သည်။

**တက်ရောက်လာသောပုဂ္ဂိုလ်များ၏ အမည်စာရင်း**

| **အမည်** | **အဖွဲ့အစည်း** |
|---|---|
| Alex Mocdie | Burma Partnership |
| ဤပုဂ္ဂိုလ်သည် အမည်ဖော်ပြလိုသည့် ဆန္ဒမရှိပါ။ | |
| တင်ဦး | All Arkan Student and Youth |
| ကိုစောထွန်း | AASY |
| ဤပုဂ္ဂိုလ်သည် အမည်ဖော်ပြလိုသည့် ဆန္ဒမရှိပါ။ | |
| Eaw Lah Hler | KDHW |
| Erugene | KHRG |
| RZN FUJZMAZSU | Burma Partnership |
| Mahn Bala Seio | K.K.B |
| စောနေထူး | BMA |
| ဤပုဂ္ဂိုလ်သည် အမည်ဖော်ပြလိုသည့် ဆန္ဒမရှိပါ။ | |
| နော်လေးဒီး | BWU |
| စောသဒိုနို | KNU |
| ကိုကြီးကျော် | BPHWT |
| Sandy Yuen | BPHWT |
| စောဝင်းကျော် | BPHWT |
| ဝေညီညီ | မင်းမဟော် |
| Chaung Ku | KOHW |
| Amelia | KWO |
| Samantha carrer | KOHW |
| ဤပုဂ္ဂိုလ်သည် အမည်ဖော်ပြလိုသည့် ဆန္ဒမရှိပါ။ | |
| ဒေါက်တာခိုင်ဝေဝေဦး | CPI |
| ဝေလေး | Karen Human Rights Group |
| နော်သ | ကရင်အမျိုးသမီးအဖွဲ့အစည်း |
| ဒေါက်တာမင်းသော်ထွန်း | IRC |